# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 18 , 2022 | Volume 60, Number 12

၁၈.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၀၀၀၀ |
| ဒေါ်လာဈေး | = ၂၉၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၀၈.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## စိုက်ပျိုးစရိတ်ကုန်ကျမှု ထက်ဝက်ကျော်မြင့်တက်

အခုနှစ်မှာ စက်သုံးဆီဈေးနဲ့ သွင်းအားစုဈေးနှုန်းတွေ မြင့်တက်နေတာကြောင့် စိုက်ပျိုးစရိတ်က အရင်နှစ်ကထက် ထက်ဝက်ကျော်လောက် မြင့်တက်နေတယ်လို့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က ပန်းနဲ့ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေကပြောပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ဂန္ဓမာပန်းအပင် တစ်သောင်း စိုက်ရင် ငွေကျပ် ၄ သိန်းလောက် ကုန်ကျခဲ့ပြီး အခုနှစ်ကတော့ ခန့်မှန်းခြေ ၇ သိန်းကျော် ကုန်ကျတယ်လို့ဆိုပါတယ်။

လက်ရှိမှာတော့ ရေနံချောင်းမြို့နယ်ကနေ ကြယ်တာရာပန်း၊ သစ္စာပန်း၊ သပြေပန်းတို့ထွက်ရှိနေပြီး ဈေးအနည်းငယ်မြင့်တက်နေတယ်လို့ သိရပါတယ်။ သွင်းအားစုစရိတ်တွေအပြင် ပျိုးပင်ဈေးနှုန်းကပါ မြင့်တက်နေပေမယ့် ပန်းထွက်လာရင်တော့ ဈေးကောင်းရ၊ မရ မသိရသေးဘူးလို့ ပန်းစိုက်တောင်သူ ဒေါ်စန်းစန်းမြင့်က ပြောပါတယ်။ ရေနံချောင်းမြို့နယ်ကထွက်တဲ့ ပန်းနဲ့ကုန်စိမ်းမျိုးစုံကို မြို့နယ်တွင်းအပြင် မကွေး၊ ကျောက်ပန်းတောင်း၊ ချောက်စတဲ့ မြို့နယ်တွေကိုလည်း ပို့ဆောင်ရောင်းချတယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို One News Myanmar မှ ကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ပခုက္ကူ ကြက်သွန်ဈေးကွက်တွင် မိုးကြက်သွန်သစ်ဈေးနှုန်း ထပ်မံမြင့်တက်လာပြီး တစ်ပိဿာ ကျပ် ၃၁၀၀ ထိ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုနိုဝင်ဘာလ တတိယပတ်တွင် မိုးကြက်သွန်သစ်ဈေးနှုန်း ထပ်မံမြင့်တက်လာရာ တစ်ပိဿာ အမြင့်ဆုံး ကျပ် ၃၁၀၀ ထိ ပေါက်ဈေးရှိကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

ကြက်သွန်ဈေးနှုန်း မြင့်တက်လာခြင်း၊ နုတ်သိမ်းပြီးသည့် တောင်သူများပြားလာခြင်းတို့ကြောင့် ယခုရက်ပိုင်းတွင် လာရောက်ရောင်းချသူများပြားလာပြီး ပိဿာချိန် သုံးသောင်းကျော်မှ လေးသောင်းကျော်ထိ ဝင်ရောက်လာကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၃၇၀၀၀ ခန့် ဝင်ရောက်သည့် နိုဝင်ဘာလ ၁၇ ရက်နေ့ ဈေးကွက်တွင် ဂွန်ကြီးတစ်ပိဿာ ကျပ် ၂၈၀၀ – ၃၁၀၀ ၊ ဂွန်လတ်တစ်ပိဿာ ကျပ် ၂၂၀၀ –၂၇၀၀ ၊ ဂွန်သေးတစ်ပိဿာ ကျပ် ၂၀၀၀ – ၂၁၀၀ ပေါက်ဈေးရှိပြီး ဂျူးအသေးစမှာ တစ်ပိဿာ ကျပ် ၁၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။ "ဝယ်လက်လည်းစုံတယ်။ ပစ္စည်းကောင်းတာတွေလည်း ဝင်လာတယ်။ ဝယ်လိုအားများ ကုန်ဝင်က ခပ်သင့်သင့်ပဲရှိသေးတော့ ဈေးကထပ်တက်လာတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြီးခဲ့တဲ့ရက်ပိုင်းက ကုန်အဝင်နည်းသလို ပစ္စည်းကောင်းလည်း မပါတော့ တစ်ပိဿာ ၂၅၀၀ ကျပ်ထိပဲရှိတယ်။ ဒီနေ့တော့ ပစ္စည်းစုံတယ် သူ့ဈေးတန်းနဲ့သူ အရောင်းအဝယ်ဖြစ်တယ်။ နောက်ရက်တွေ ကုန်ဝင်ထပ်များလာမှာ" ဟု ကြက်သွန် ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ အသစ်ဝင်ရောက်နေသည့် ကြက်သွန်မှာ ပခုက္ကူနှင့်ရေစကြိုမြို့နယ်အတွင်း မြစ်ရေဝင် ဒေသများမှထွက်ရှိခြင်းဖြစ်ပြီး ယခုနှစ်တွင် မြေဩဇာဈေးကြီးမြင့်ခြင်း၊ နယ်မြေမတည်ငြိမ်ခြင်းများကြောင့် ပုံမှန်နှစ်များထက် အထွက်နှုန်း သုံးပုံတစ်ပုံခန့် လျော့နည်းနိုင်ကြောင်း သိရသည်။

"မနှစ်က ကြက်သွန်ဈေးမကောင်းတော့ တချို့မနှုတ်ဘဲဖျက်ပစ်ကြတယ်။ ဒီနှစ်ကျ မြေဆီဈေးမြင့်တယ်။ မြေဆီ တစ်အိတ် နှစ်သောင်းကျော်ကနေ တစ်သိန်းကျော်သွားတော့ တောင်သူကသိပ်မသုံးနိုင်ဘူး။ အထွက်ကျတယ်။ ဥချနေတုန်း မိုးကများလွန်းတော့ ရေမြုပ်ပိုးကျတာတွေလည်းဖြစ်သွားတယ်။ လက်ရှိဈေးကတော့ တောင်သူအဆင်ပြေမဲ့ဈေးပါ။ လက်ရှိ ရောင်းတဲ့သူတွေလည်း အဆင်ပြေကြပါတယ် " ဟု ရေစကြိုမြို့နယ်မှ တောင်သူတစ်ဦးကပြောကြားသည်။

ပြီးခဲ့သည့် ၂၀၂၁ခုနှစ် ကြက်သွန်ရောင်းဝယ်ရေးရာသီတွင် ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများဆုံးရှုံးမှုများပြား ခဲ့ပြီး ယခုနှစ်ဩဂုတ်လမှစ၍ ကြက်သွန်ဈေး ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/240539

## မော်တော်ဆိုင်ကယ် အရောင်းပြခန်းဖွင့်လှစ်မည့်ကုမ္ပဏီများ ဘဏ်တွင် ကျပ်သိန်း ၅၀၀ ပေးသွင်း နိုင်ကြောင်း ဘဏ်အာမခံချက်နှင့် အခွန်ဆောင်ပြီးကြောင်း ထောက်ခံချက်တင်ပြရမည်

မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room)တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်စွဲဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ထားပြီး ဘဏ်တွင် ကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက်နှင့်အခွန်ဆောင်ပြီးကြောင်း ထောက်ခံချက် တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသား ဖက်စပ် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ရမည်။ တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံးမှဖြစ်စေ၊ မော်တော်ဆိုင်ကယ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် သို့မဟုတ် အရောင်းကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

လျှပ်စစ်ဆိုင်ကယ် တင်သွင်းမှုများ၌ တပ်ဆင်အသုံးပြုသည့် ဘက်ထရီများအပါအဝင် အရည်အသွေးပိုင်းဆိုင်ရာ အာမခံမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများပေးခြင်း၊ အပိုပစ္စည်းများပံ့ပိုးပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုစင်တာများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖြစ်ရမည်။

မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့်ဘဏ်တွင် မြန်မာငွေကျပ် သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Gurantee) တင်ပြရမည်။

မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ဆိုင် ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ပေးထားသည့် အခွန်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ပုံစံ တင်ပြရမည်။

အရောင်းပြခန်းဖွင့်လှစ်မည့်နေရာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန် သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ မော်တော်ဆိုင်ကယ်အရောင်းပြခန်း(ရုံးခန်း၊ ဧည့်နားနေ ခန်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုစင်တာ (After Sale Service Center အပါအဝင်)၏ အကျယ်အဝန်းသည် အနည်းဆုံးစတုရန်း ပေ ၅၀၀၀ ရှိရမည်။

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ် ကာလအတွင်း သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ခြင်းသည် မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် ခြောက်လယာယီခွင့်ပြုနိုင်သည်။

မော်တော်ဆိုင်ကယ်အရောင်းပြခန်း ရုံးခွဲများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ခွင့်ရယူရမည်။ မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များသည် အသုံးမပြုရသေးသော အသစ်(Brand New) ဖြစ်ရမည်စသည်တို့ပါဝင်သည်။

https://news-eleven.com/article/240562

## ထိုင်းဈေးကွက်တွင်ဝယ်လိုအားမြင့်မားနေသည့် မြန်မာ့မိုးမျှော်ငရုတ်သီးများ

မြန်မာနိုင်ငံမှထွက်ရှိသည့် ငရုတ်အမျိုးမျိုးအား အိမ်နီးချင်းနိုင်ငံများသို့ ခေတ်အဆက်ဆက်တွင် အများအပြား တင်ပို့ခဲ့ကြရာ ငရုတ်သီးအမျိုးမျိုးအနက် တနင်္သာရီတိုင်း မောတောင်ဒေသထွက် မိုးမျှော်ငရုတ်သီး (Hot Chilli) အမျိုးအစား ငရုတ်မှာလဲ နာမည်ကျော်ကြားပြီး လူကြိုက်များသည့် အမယ်တစ်ခုဖြစ်ပါသည်။ မောတောင်ဒေသသည် ပင်လယ်နှစ်ခု အကြားတွင် တည်ရှိသည့်အတွက် မိုးများပြီး ပူနွေးစိုစွတ်သည့် ရာသီဥတုဖြစ်သဖြင့် ငရုတ်စိုက်ပျိုးရန် အကောင်းဆုံး ဒေသတွင် တစ်ခုပါဝင်ပါသည်။ ထိုင်းလူမျိုးများ၏ ရိုးရာအစားအစာအများစုသည် အစပ်ပါဝင်သည့် အစားအစာများဖြစ်ပြီး ရိုးရာပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများတွင် ရိုးရာအစားအစာများကို အများဆုံး စားသုံးကြသဖြင့် ငရုတ်သီးမှာ မပါမဖြစ် အမယ်တစ်ခု ဖြစ်လာပါသည်။

ထိုင်းရိုးရာအစားအစာအမျိုးမျိုးကို ပြည်တွင်းစားသုံးသူများသာမက လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများပါ နှစ်သက်စွာ စားသုံးကြသဖြင့် ငရုတ်သီး၏ ဈေးကွက်လိုအပ်ချက်မှာ မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

လက်ရှိ မြန်မာ့မိုးမျှော်ငရုတ်သီး၏ ပေါက်ဈေးအနေဖြင့် 1 Kg လျှင် (၂၈) ဘတ်ရရှိပြီး မောတောင်နယ်စပ်ကုန်သွယ်ရေးမှတဆင့် တစ်ဖက်နိုင်ငံသို့ တစ်နေ့လျှင် Kg (800) မှ Kg (1200) ထိ တင်ပို့နေရ ကြောင်း တွေ့ရှိရပါသည်။ တနင်္သာရီဒေသကြီး မောတောင်ဒေသထွက် ငရုတ်သီးများအား တစ်ဖက်နိုင်ငံမှ (၁၂) လရာသီ တစ်နှစ်ပတ်လုံး ဝယ်ယူလျက်ရှိနေသဖြင့် ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်စိုက်ခင်းများအား တိုးချဲ့စိုက်ပျိုး တိုးမြှင့်တင်ပို့သင့်ပါကြောင်း တွေ့ရှိရပါသည်။

https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E2%80%9C%E1%80%91%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%B8%E1%8

## ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ယခုလ ၁၅ ရက်တာအတွင်း နေလှန်းဆားတန်ချိန် ခုနစ်သိန်းတင်ပို့ရောင်းချ



https://www.myawady.net.mm/node/32954

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ယခုလ ၁၅ ရက်တာအတွင်း နေလှန်းဆားတန်ချိန် ခုနစ်သိန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် နေလှန်းဆားထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်း ကုန်သွယ်ရေးတာဝန်ခံ ဦးဆန်းမင်း၏ပြောကြားချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် နေလှန်းဆားများကို အဆင့်ဆင့် စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ နိုဝင်ဘာ ၂ ရက်မှ ၁၇ ရက်အထိ ၁၅ ရက်တာအတွင်း ရန်ကုန်တိုင်း ဒေသကြီးသို့ နေလှန်းဆားတန်ချိန် ခုနစ်သိန်း တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း နေလှန်းဆားတန်ချိန် နှစ်သိန်းငါးသောင်းသာ တင်ပို့

ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "ရန်ကုန်ဈေးကွက်ကို တခြားဒေသက နေလှန်းဆားတွေ မဝင်သေးတာနဲ့ ငါးပိ၊ ငါးခြောက်လုပ်ငန်းတွေ စတင်လုပ်ကိုင်လာတာကြောင့် ဧရာဝတီတိုင်းဒေသကြီးက နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်က အဝယ်များနေတာပါ။ နိုဝင်ဘာလအတွင်း ဆားအဝယ်လိုက်လာတာက ပြည်တွင်း ငါးပိ၊ ငါးခြောက်ဈေးကွက်က ပြန်လည်ကောင်းမွန်လာတာကြောင့် ဆားဈေးကွက်လည်း အရောင်းသွက်လာတာပါ။ ဒေသထွက် နေလှန်းဆားတွေကို စနစ်တကျ ထုတ်လုပ်ပြီး တင်ပို့ရောင်းချပေးနေပါတယ်။ နိုဝင်ဘာလက ဧရာဝတီတိုင်းဒေသကြီးမှာ နေလှန်းဆားတွေ စတင်ထုတ်လုပ်တဲ့ကာလဖြစ်ပါတယ်။ နေလှန်းဆား စတင်ထုတ်လုပ်တဲ့ရာသီမှာ အခုလို အရောင်းအဝယ်ကောင်းတော့ ထုတ်လုပ်သူတွေအတွက် အဆင်ပြေပါတယ်" ဟု ဦးဆန်းမင်းကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ နေလှန်းဆားကို ဖျာပုံမြို့နယ်၊ လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ်စသည့်မြို့နယ်တို့မှ ထွက်ရှိကြောင်း၊ အဆိုပါဒေသများမှထွက်ရှိသည့် နေလှန်းဆားများကို ဒေသဆားစက်များတွင် စနစ်တကျသန့်စင် ထုတ်လုပ်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်တို့သို့ တင်ပို့ရောင်းချကြောင်းနှင့် အဆိုပါဒေသထွက် နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ အထိ ဈေးနှုန်းရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/32954

## မြန်မာ့လက်မှုယွန်းထည်ပစ္စည်းများ ရောင်းအားကောင်းမွန်လာသည့်အတွက် ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများအဆင်ပြေ



https://www.myawady.net.mm/node/32902

မြန်မာ့လက်မှုထည်ဖြစ်သည့် ယွန်းထည်ပစ္စည်းများ ရောင်းအားကောင်းမွန်လာသည့်အတွက် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသမှ ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများ၏ ပြောပြချက်အရသိရသည်။

"ပွင့်လင်းရာသီ ရောက်လာပြီဖြစ်လို့ ပုဂံကို ခရီးသွားတွေ တော်တော်လာကြတယ်။ ခရီးသွားတွေများလာပြီး ယွန်းထည်ရောင်းအားကောင်းလာတဲ့အတွက် ဒေသခံယွန်းထည်လုပ်ငန်း လုပ်ကိုင်သူတွေအနေနဲ့ အဆင်ပြေလာကြပါတယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်နဲ့တန်ဆောင်တိုင်ကာလတွေတုန်းကဆို ခရီးသွားတွေ တော်တော်လာကြတယ်" ဟု ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသမှ ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ခရီးသွားလုပ်ငန်းကို အမှီပြု၍ ရောင်းချနေရသည့် ယွန်းထည်များမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလမှ စတင်ကာ ရောင်းအားကျဆင်းခဲ့ပြီး လုပ်ငန်းများခေတ္တရပ်နားခဲ့ရသည့်အတွက် ယွန်းထည်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူများမှာလည်း လယ်ယာကိုင်းကျွန်းလုပ်ငန်းများအပြင် တခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခဲ့ကြကြောင်းသိရသည်။

ယခုနှစ် ပွင့်လင်းရာသီမှစတင်ကာ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ခရီးသွားလာရောက်မှု များပြားလာသည့်အတွက် ယွန်းထည်ပစ္စည်းများ ရောင်းအားပြန်လည်ကောင်းမွန်လာကြောင်း၊ ထို့ကြောင့် လုပ်ငန်းများပုံမှန်လည်ပတ်ပြီး ယွန်းထည်ပစ္စည်းများကို ပြန်လည်ထုတ်လုပ်လာသည့်အတွက် ဒေသခံများအနေဖြင့် အလုပ်အကိုင်ရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလာကြကြောင်းသိရသည်။

ယွန်းထည်ပစ္စည်းများတွင် အမျိုးအစား ၈၀ ခန့်ရှိသည့်အနက် ယွန်းဆွမ်းအုပ်နှင့်ယွန်းလက်ဖက်အုပ် စသည်တို့ကို အဝယ်များပြီး ဈေးနှုန်းများအနေဖြင့် အနည်းဆုံး ငွေကျပ် ၁၈၀၀၀ မှစတင်ကာ သိန်းဂဏန်းအထိ အစားစားရှိကြောင်း၊ ယွန်းထည်ပစ္စည်းများကို ပြည်တွင်းခရီးသွားများထက် နိုင်ငံခြားခရီးသွားဧည့်သည်များက အမှတ်တရပစ္စည်းအဖြစ် ပိုမိုဝယ်ယူကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/32902

## အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ (AANZFTA) တိုးချဲ့ဆောင်ရွက်မှု

၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံ၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ (AANZFTA) ၏ နိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူး တာဝန်ယူထားသည့် ဘရူနိုင်းနိုင်ငံ၊ ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံများမှ ခေါင်းဆောင်များက AANZFTA စာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ဆွေးနွေးမှု အပြီးသတ်ပြီဖြစ်ကြောင်း အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ကြေငြာခဲ့ကြသည်။ အဆိုပါဆွေးနွေးမှုသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံက ၎င်းတာဝန်ယူစဥ်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်သွားမည့် စီးပွားရေးရာ ဦးတည်ချက်တစ်ခုလည်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဒေသတွင်းပထဝီနိုင်ငံရေးအရ တင်းမာမှုများရှိခဲ့သော်လည်း အာဆီယံ၊ ဩစတြေးလျနှင့်နယူးဇီလန်တို့အကြား ကုန်သွယ်မှု တိုးတက်လျက်ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့်ဩစတြေးလျနိုင်ငံတို့အကြား စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၁.၆ ဘီလီယံရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှုမှာ ၄၉% အထိရှိခဲ့သဖြင့် ကိုဗစ်-၁၉ မတိုင်မီ ကာလထက်ပိုများခဲ့ပါသည်။ အာဆီယံနိုင်ငံများနှင့် နယူးဇီလန်နိုင်ငံတို့အကြား ကုန်သွယ်မှုမှာ ၂၀၂၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၁ ဘီလီယံရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှု ၂၂.၅% ရှိခဲ့ကာ ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံများမှ အာဆီယံ နိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၅၈၉ မီလီယံရှိခဲ့ပါသည်။

အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများ၊ စာချုပ်၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် စာချုပ်အဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေးလျက်ရှိပါသည်။ ယခုကဲ့သို့ စာချုပ်အဆင့်မြှင့်တင်မှု ဆွေးနွေးချက် များသည် ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသတွင်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးနှင့် ကပ်ရောဂါပြီးနောက်ပိုင်း စီးပွားရေးပြန်လည် ထူထောင်နိုင်ရေးကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်လျက် စီးပွားရေးလုပ်ငန်းများအတွက်လည်း လိုက်လျောညီထွေရှိပြီး စာချုပ်၏အဆင့်အတန်းမြင့်မားမှုကို ထိန်းသိမ်းရန်ရည်ရွယ်ပါသည်။ AANZFTA စာချုပ်၏ အဆင့်မြှင့်တင်သည့် နယ်ပယ်များ ဖြစ်သော ပွင့်လင်းမြင်သာမှုရှိသော အစီအမံများ၊ ပို့ကုန်သွင်းကုန်များအတွက် အချိန်နှင့်စရိတ်လျှော့ချခြင်း၊ ကုန်သွယ်မှု အတွက် နည်းပညာများ အသုံးပြုခြင်း၊ ပညာရေးဝန်ဆောင်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီဂျစ်တယ်နည်းပညာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရဝယ်ယူရေး လုပ်ငန်းစဥ်များအပါအဝင် အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်မှုမြှင့်တင်ခြင်းနှင့် အကျပ်အတည်းကာလအတွင်း အဓိကကုန်စည်များ ပို၍လွယ်ကူ မြန်ဆန်စွာစီးဆင်းစေခြင်းစသည့်နယ်ပယ်တို့မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Datto Lim Jock Hoi ကလည်း AANZFTA ၏ အဓိက အရေးကြီးသည့် အချက်တစ်ခုဖြစ်သည့် AANZFTA စာချုပ်အဆင့်မြှင့်တင်ခြင်းအတွက် ဆွေးနွေးမှုအဆုံးသတ်နိုင်ခြင်းကို ကြိုဆိုပါကြောင်း၊ AANZFTA သည် အာဆီယံ-ဩစတြေးလျ မဟာဗျူဟာကျသော ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-နယူးဇီလန် မဟာဗျူဟာကျသော ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့အတွက်သာမက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း အလေးထားပြောကြားခဲ့ပြီး ဤဆွေးနွေးမှုသည် ဒေသတွင်းစီးပွားရေးတွင် အာဆီယံ ဦးဆောင်မှုဖြင့် ခိုင်မာသော၊ ပူးပေါင်းဆောင်ရွက်မှုကြာရှည်ပြီး တိုးတက်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

**ခင်ဆွေဦး (ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)**

**Source:** https://asean.org/asean-australia-new-zealand-free-trade-area-upgraded/

https://myantrade.gov.mm/article/%E1%80%A1%E1%80%AC%E1%80%86%E1%80%AE%E1%80%9A%E1%80%B6-

## နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး ငှက်ပျော၊ ရော်ဘာ၊ ဆန်၊ ပိုးလုံးအိမ်၊ မြေပဲကျား(အခွံပါ)၊ ကြိမ်နှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၁၈၄၉၉၀ ဒသမ ၂၄ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၅၇၅၀၀၀ ဒေါ်လာ ဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၇၅၉၉၉၀ ဒသမ ၂၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ဓါတုဗေဒပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့်အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၉၉၀၄၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၃၄၇၃၃ ဒသမ ၆၃ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၃၃၇၇၈ ဒသမ ၆၃ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၈ ဒသမ ၅၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုန်ဌာန**

## STOCK EXCHANGE (18.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -200 | -2.17% | 9,100 | 9,100 | 9,000 | 1,010 | 9,179,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 744 | 2,460,900 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 19 | 148,200 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 1 | 2,700 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 269 | 726,300 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 101 | 504,900 | 10,497,598 | 51,438 |

### Market Overview

**Main Board**

As of 1:00 pm, 18th Nov. 2022

| MYANPIX | 401.08 |
|---|---|
| | ▼ 4.41 |
| Total Volume (shares) | 2,144 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 697,733 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 200 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |